# ဓမ္မခန္ဓာ (၆၄) မျက်ဝါးထင်ထင်အရှုံး (အတ်–တဂါဘွန်)

ဥဒေါဟ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၀၈)၊ သုတ်ဒေသနာ (၁၈)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–း

| | |
|---|---|
| ၁။ | **يُسَبِّحُ لِلَّهِ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ لَهُ الْمُلْكُ وَلَهُ الْحَمْدُ وَهُوَ عَلَى كُلِّ شَيْءٍ قَدِيرٌ** ۝<br>မိုးများအတွင်း မြေအတွင်း ရှိသမျှတို့သည် ပရမတ်ဘုရားရှင်အား ဦးထိပ်ထားနေကြ၏။ သြဇာအာဏာတည်ရာသည် အရှင်၏ အချုပ်အခြာ၌ ရှိ၏။ ရည်သန်စူးစိုက်မှုတည်ရာသည် အရှင်၏ အချုပ်အခြာ၌ ရှိ၏။ အရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။ |
| ၂။ | **هُوَ الَّذِي خَلَقَكُمْ فَمِنكُمْ كَافِرٌ وَمِنكُم مُّؤْمِنٌ وَاللَّهُ بِمَا تَعْمَلُونَ بَصِيرٌ** ۝<br>အရှင်သည် သင်တို့အား ဖြစ်တည်စေ၏။ သို့သော် သင်တို့မှ ဖုံးကွယ်သူ၊ သင်တို့မှ ယုံကြည်သူတို့ ရှိကြ၏။ ပရမတ်ဘုရားရှင်သည်ကား ကျင့်ကြံသမျှကို မြင်နေသော အရှင်ဖြစ်၏။ |
| ၃။ | **خَلَقَ السَّمَاوَاتِ وَالْأَرْضَ بِالْحَقِّ وَصَوَّرَكُمْ فَأَحْسَنَ صُوَرَكُمْ وَإِلَيْهِ الْمَصِيرُ** ۝<br>မိုးများနှင့် မြေကမ္ဘာအား မှန်ကန်ညီညွတ်စွာ ဖြစ်တည်စေ၏။ ထို့နောက် သင်တို့အား ပုံစံချပေး၏။ ထို့နောက် သင်တို့အား အတင့်တယ်ဆုံး ပုံစံဖြစ်စေ၏။ အန္တိမပန်းတိုင်သည် အရှင်ထံသို့သာ ဖြစ်၏။ |
| ၄။ | **يَعْلَمُ مَا فِي السَّمَاوَاتِ وَالْأَرْضِ وَيَعْلَمُ مَا تُسِرُّونَ وَمَا تُعْلِنُونَ وَاللَّهُ عَلِيمٌ بِذَاتِ الصُّدُورِ** ۝<br>မိုးများနှင့် မြေအတွင်း ရှိသမျှကို သိနေတော်မူ၏။ ကြိတ်ကြံစည်ရာ လူသိရှင်ကြားပြုရာများကို သိနေတော်မူ၏။ ပရမတ်ဘုရားရှင်သည်ကား ရင်တွင်း ခံစားချက်များ အားဖြင့် သိနေသော အရှင် ဖြစ်၏၊ |
| ၅။ | **أَلَمْ يَأْتِكُمْ نَبَأُ الَّذِينَ كَفَرُوا مِن قَبْلُ فَذَاقُوا وَبَالَ أَمْرِهِمْ وَلَهُمْ عَذَابٌ أَلِيمٌ** ۝<br>ရှေ့အလျှင်က ဖုံးကွယ်သော သူတို့၏ သတင်းချက်သည် သင်တို့ထံသို့ မရောက်လေသလော။ သူတို့သည် သူတို့ ညွှန်ကြားချက်၏ အကျိုးဆက်ကို မြည်းစမ်းရ၏။ သူတို့အတွက် စူးနစ်နာကျင်သော ဝဋ်ကြွေးသည် ရှိနေ၏။ |
| ၆။ | **ذَلِكَ بِأَنَّهُ كَانَت تَّأْتِيهِمْ رُسُلُهُم بِالْبَيِّنَاتِ فَقَالُوا أَبَشَرٌ يَهْدُونَنَا فَكَفَرُوا وَتَوَلَّوا وَّاسْتَغْنَى اللَّهُ وَاللَّهُ غَنِيٌّ حَمِيدٌ** ۝<br>ယင်းမှာ သူတို့ထံသို့ သူတို့အတွက် ဥဒေါဟ်စဉ်တော်ဆောင်များကို ရှင်းလင်းချက်များဖြင့် ပေးရောက်လာစဉ် "လူပုဂ္ဂိုလ်က ကျွန်ုပ်တို့အား လမ်းညွှန်မည်လော၊"ဟု ဆိုကြ၍၊ ဖုံးကွယ်မှောင်ချ လှည့်သွားသောကြောင့် ဖြစ်၏။ ပရမတ်ဘုရားရှင်သည်ကား ကုံလုံပြည့်စုံ၏။ ပရမတ်ဘုရားရှင်သည် ကုံလုံပြည့်စုံသော အရှင် ရည်သန်စူးစိုက်မှုတည်ရာ အရှင်ဖြစ်တော်မူ၏။ |
| ၇။<br>တိုင်တည်၍ | **زَعَمَ الَّذِينَ كَفَرُوا أَن لَّن يُبْعَثُوا قُلْ بَلَى وَرَبِّي لَتُبْعَثُنَّ ثُمَّ لَتُنَبَّؤُنَّ بِمَا عَمِلْتُمْ وَذَلِكَ عَلَى اللَّهِ يَسِيرٌ** ۝<br>ဖုံးကွယ်သော သူတို့က– သူတို့သည် နိုးထရမည် မဟုတ်ဟု ရပ်တည်ပြောဆိုကြ၏။ ဟောလေ့ "ကံကြမ္မာရှင်အား **ဖြင့်**– နိုးထရမည်သာတည်း၊ ထို့နောက် သင်တို့ ကျင့်ကြံခဲ့သမျှကို သတင်းထုတ်ပြန်တော်မူလတ္တံ့၊ ပရမတ်ဘုရားရှင် |

| | |
|---|---|
| | အတွက် ယင်းသည် လွယ်ကူလှချေ၏။ |
| ၈။ | فَآمِنُوا بِاللَّهِ وَرَسُولِهِ وَالنُّورِ الَّذِي أَنزَلْنَا وَاللَّهُ بِمَا تَعْمَلُونَ خَبِيرٌ ۞<br>သို့ဖြစ်၍ ပရမတ်ဘုရားရှင်၊ အရှင်၏ ဉာဏ်စဉ်တော်ဆောင်၊ ငါအရှင် ချမှတ်ပေးသော ရောင်ခြည်တော်အား ယုံကြည်ကြကုန်လော့၊ ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှကို သတင်းသိနေတော်မူ၏။”[၁၀၅၉] |
| ၉။ | يَوْمَ يَجْمَعُكُمْ لِيَوْمِ الْجَمْعِ ذَلِكَ يَوْمُ التَّغَابُنِ وَمَن يُؤْمِن بِاللَّهِ وَيَعْمَلْ صَالِحًا يُكَفِّرْ عَنْهُ سَيِّئَاتِهِ وَيُدْخِلْهُ جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا أَبَدًا ذَلِكَ الْفَوْزُ الْعَظِيمُ ۞<br>နေ့– အတူစုရသော နေ့အတွက် သင်တို့အား အတူစုစေလတ္တံ့၊ ယင်းသည် မျက်ဝါးထင်ထင် အရှုံးပေါ်ရသော နေ့ဖြစ်၏။ ပရမတ်ဘုရားရှင်အား ယုံကြည်၍ ပြုပြင်ပြောင်းလဲခြင်း ကျင့်ကြံသူ၊ ထိုသူမှ အကုသိုလ်များကို ဖုံးကွယ်ပေးတော်မူလျှက် သူ့အား အောက်ခင်း၌ စမ်းချောင်းရေသွင် စီးဆင်းနေသော ဥယျာဉ်ဘုံများသို့ ဝင်စေပြီး၊ ထို၌ ထာဝရကာလမဲ့ စံစားစေလတ္တံ့။ ဤသည် မဟာ အောင်ပွဲပင် ဖြစ်၏။ |
| ၁၀။ | وَالَّذِينَ كَفَرُوا وَكَذَّبُوا بِآيَاتِنَا أُوْلَئِكَ أَصْحَابُ النَّارِ خَالِدِينَ فِيهَا وَبِئْسَ الْمَصِيرُ ۞<br>ဖုံးကွယ်၍ ငါ၏ သုတ်ဒေသနာများကို ငြင်းဆန်သောသူ၊ ထိုသူတို့သည် အပူမီး၏ ပေါင်းဖေါ်များ ဖြစ်ရ၍၊ ထို၌ ကာလမဲ့ ခံစားစေလတ္တံ့၊ ယင်းသည် အမင်္ဂလာ ခရီးဆုံး ဖြစ်၏။ |
| ၁၁။ | مَا أَصَابَ مِن مُّصِيبَةٍ إِلَّا بِإِذْنِ اللَّهِ وَمَن يُؤْمِن بِاللَّهِ يَهْدِ قَلْبَهُ وَاللَّهُ بِكُلِّ شَيْءٍ عَلِيمٌ ۞<br>ပရမတ်ဘုရားရှင်၏ ခွင့်ပြုချက် မရှိဘဲ မည်သည့် ထိခိုက်ခြင်းသည်မှ ထိခိုက်စေမည် မဟုတ်ချေ။ ပရမတ်ဘုရားရှင် အားယုံကြည်သောသူ၊ သူ၏ နှလုံးသားကို အရှင်သည် လမ်းညွှန်တော်မူမည်၊ ပရမတ်ဘုရားရှင်သည်ကား သဗ္ဗလုံးစုံအားသိနေသော အရှင် ဖြစ်၏၊ |
| ၁၂။ | وَأَطِيعُوا اللَّهَ وَأَطِيعُوا الرَّسُولَ فَإِن تَوَلَّيْتُمْ فَإِنَّمَا عَلَى رَسُولِنَا الْبَلَاغُ الْمُبِينُ ۞<br>ပရမတ်ဘုရားရှင်အား နာခံကြလော့၊ ဉာဏ်စဉ်တော်ဆောင်အား နာခံကြလော့၊ သင်တို့သည် လှည့်သွားကြလျှင်၊ ငါ့ဉာဏ်စဉ်တော်ဆောင်၏ ဝန်တာမှာ ဓမ္မကို ဆိုက်ရောက်စေရန်သာ ဖြစ်၏။ |
| ၁၃။ | اللَّهُ لَا إِلَهَ إِلَّا هُوَ وَعَلَى اللَّهِ فَلْيَتَوَكَّلِ الْمُؤْمِنُونَ ۞<br>ပရမတ်ဘုရားရှင်၊ ထိုအရှင်မှ အပ အခြားဘုရားဟူ၍ မရှိ၊ ယုံကြည်သူတို့အား ပရမတ်ဘုရားရှင်ကိုသာ ယုံပုံကိုးစားစေလော့။ |
| ၁၄။ | يَا أَيُّهَا الَّذِينَ آمَنُوا إِنَّ مِنْ أَزْوَاجِكُمْ وَأَوْلَادِكُمْ عَدُوًّا لَّكُمْ فَاحْذَرُوهُمْ وَإِن تَعْفُوا وَتَصْفَحُوا وَتَغْفِرُوا فَإِنَّ اللَّهَ غَفُورٌ رَّحِيمٌ ۞<br>အို ယုံကြည်သော သူတို့၊ သင်တို့၏ အိမ်ထောင်ဘက်များ သင်တို့၏ ရင်သွေးများမှ သင်တို့အတွက် စည်းဖေါက်သူများ ရှိနိုင်၏။[၁၀၆၀] သို့ဖြစ်၍ သူတို့အား သတိထားလော့၊ သင်တို့သည် သူတို့အား ကျေးအေး၊ ဉပက္ခာပြု၍ လွတ်ငြိမ်းစေကြလျှင်၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။ |

(၁၀၅၉) ပရမတ်ဘုရားရှင် ချမှတ်ပေးရာ ရောင်ခြည်တော် ဆိုသည်မှာ အစ္စလာမ်သာသနာကို ခေါ်ဆိုကြောင်း ဖ်ဒး၈ တွင် ဖေါ်ပြထားပေသည်။
(၁၀၆၀) မိမိ၏ ပေါင်းဖေါ်ကြင်ဘက်များနှင့် သားသမီးများမှ မိမိနှင့် အတိုက်အခံများ ရှိနိုင်သည် ဆိုခြင်းမှာ အတွေးအခေါ် အယူအဆအားဖြင့် ကွဲလွဲသူများ ရှိနိုင်သည် ဟု ဆိုလိုခြင်း ဖြစ်ပေသည်။ သို့အတွက် သူတို့အား မုန်းတီးရန် မလိုချေ။ အစ္စလာမ်သာသနာ၏ ပြဋ္ဌာန်းသွန်သင်ချက်အရ လူတိုင်း၏ လမ်းမှန်ရခြင်း၊ လမ်းမှားသို့ရောက်ခြင်းသည် ကိုယ်ပိုင်ဆုံးဖြတ်ချက်ပေါ်၌ မူတည်ပေသည်။ သားသမီးကို ဖြစ်စေ၊ မိမိသြဇာသက်သော ကြင်ယာကြင်ဘက်ကို ဖြစ်စေ လမ်းမှန်သို့ ရောက်စေလိုလျှင် မိမိကိုယ်တိုင် မှတ်ကျောက်တင်ခံနိုင်သော မှန်ကန်မှု၌ ရပ်တည်ရန် လိုအပ်ပေသည်၊ ထိုမှန်ကန်သည့် ရပ်တည်ချက်၌ ရပ်တည်ရန် သူတို့အား စနစ်တကျ သွန်သင်ရန်လိုအပ်ပေသည်။ မည်သူ့ကိုမျှ နိုင်ထက်စီးနင်းပြုလုပ်ခွင့် မရှိချေ။

| | |
|---|---|
| ၁၅။ | **إِنَّمَا أَمْوَالُكُمْ وَأَوْلَادُكُمْ فِتْنَةٌ وَاللَّهُ عِندَهُ أَجْرٌ عَظِيمٌ۞**<br>သင်တို့၏ ဉစ္စာပစ္စည်းများ၊ သင်တို့၏ ရင်သွေးများသည် စမ်းသပ်သောအရာများ ဖြစ်၏။ ပရမတ်ဘုရားရှင် အရှင့်ထံ၌ မဟာဆုလဒ်ကြီး ရှိနေ၏။[၁၀၆၁] |
| ၁၆။ | **فَاتَّقُوا اللَّهَ مَا اسْتَطَعْتُمْ وَاسْمَعُوا وَأَطِيعُوا وَأَنفِقُوا خَيْرًا لِّأَنفُسِكُمْ وَمَن يُوقَ شُحَّ نَفْسِهِ فَأُولَٰئِكَ هُمُ الْمُفْلِحُونَ۞**<br>သို့ဖြစ်၍ သင်တို့သည် ပရမတ်ဘုရားရှင်အား တတ်အားသ၍ စည်းစောင့်ကြလော့။ ကြားနာကြလော့၊ နာခံကြလော့၊ ထည့်ဝင်သုံးစွဲကြလော့ သင်တို့၏ ဉာဉ်စရိုက်အတွက် ပို၍ကောင်းမြတ်၏။ ဆန္ဒ ရမက်ကို ကာကွယ်နိုင်သူ ထိုသူတို့သည် အောင်မြင်ပေါက်မြောက်သူများ ဖြစ်ကြ၏။ |
| ၁၇။ | **إِن تُقْرِضُوا اللَّهَ قَرْضًا حَسَنًا يُضَاعِفْهُ لَكُمْ وَيَغْفِرْ لَكُمْ وَاللَّهُ شَكُورٌ حَلِيمٌ۞**<br>ပရမတ်ဘုရားရှင်အား တင့်တယ်စွာ ဆက်ကပ်ခြင်းဖြင့် ဆက်ကပ်လျှင်၊ သင်တို့အတွက် ၎င်းကို နှစ်ဆတိုးစေလတ္တံ့၊ သင်တို့အား လွတ်ငြိမ်းစေလတ္တံ့။ ပရမတ်ဘုရားရှင်သည် ကျေးဇူးတော်အရှင်၊ နူးညံ့သိမ်မွေ့သော အရှင်ဖြစ်၏။ |
| ၁၈။ | **عَالِمُ الْغَيْبِ وَالشَّهَادَةِ الْعَزِيزُ الْحَكِيمُ۞**<br>မျက်ကွယ် မျက်မှောက် သိနေတော်မူသော အရှင်သည် ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။ |

---

**(၁၀၆၁)** အချို့သော သားသမီးများသည် မိဘ၏ စာရိတ္တကိုပင် ဖျက်ဆီးနိုင်ပေသည်။ ဆိုလိုသည်မှာ– အလိုရမက်ကြီးသော သားသမီးများအား အလိုလိုက်လွန်ခြင်းဖြင့် မိဘများမှာ သူတစ်ပါး၏ ဉစ္စာပစ္စည်းများကို မတရားသော နည်းဖြင့် ရယူခြင်း၊ သားသမီး လုပတင့်တယ် လူရာဝင်သည် စေမည်ဟု ယူဆ၍ မိဘများမှာ လာဘ်ပေးလာဘ်ယူ လုပ်သော နည်းဖြင့် စီးပွားရှာခြင်း၊ အာဏာရှိသော မိဘများမှာ သားသမီးအတွက် အာဏာကို အလွဲသုံးစား လုပ်ခြင်း၊ မိမိသားသမီးဘက်မှ မှားယွင်းနေသော်လည်း ငွေဖြင့် ဖိ၍ သူတစ်ပါးအား မတရား အနိုင်ယူခြင်းများ ဖြစ်ပေသည်။ ထိုသို့သော အကျင့်စာရိတ္တများသည် အကုသိုလ်သင့်သော အကျင့်များဖြစ်၍– မိဘတို့အား ထိခိုက်စေမည်ဟု အစ္စလာမ်သာသနာက သွန်သင်ပေသည်။